**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**

**စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**

**ဝန်ကြီးရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၉ /၂၀၁၆**

**၁၃၇၇ ခုနှစ်၊ တပို့တွဲလဆန်း ၉ ရက်**

**( ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၇ ရက် )**

## ထုတ်လုပ်တင်ပို့သူ ကိုယ်တိုင်ပင်ရင်းထုတ်ကုန်ဖြစ်ကြောင်း ကြေညာသည့်စနစ် ( Self-Certification System ) ကို ကျင့်သုံးဆောင်ရွက်ရာတွင် လိုက်နာရမည့်စည်းကမ်းများ

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် ပို့ကုန်သွင်းကုန်ဥပဒေ ပုဒ်မ ၁၃၊ ပုဒ်မခွဲ (က) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် ထုတ်လုပ်တင်ပို့သူ ကိုယ်တိုင်ပင်ရင်းထုတ်ကုန်ဖြစ်ကြောင်း ကြေညာသည့်စနစ် (Self-Certification System) ကို ကျင့်သုံးဆောင်ရွက်ရာတွင် လိုက်နာရမည့် စည်းကမ်းများကို ထုတ်ပြန်လိုက်သည်။

### အခန်း(၁)

### အတည်ပြုပို့ကုန်တင်ပို့သူ ( Certified Exporter ) အဖြစ်လျှောက်ထားခြင်း

၁။ အာဆီယံကုန်စည်ကုန်သွယ်ရေးသဘောတူစာချုပ် (ASEAN Trade in Goods Agreement-ATIGA) အရ အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား တင်ပို့သောပို့ကုန်များ အကောက်ခွန် သက်သာခွင့်ခံစားနိုင်ရေး ကျင့်သုံးဆောင်ရွက်လျက်ရှိသည့် ထုတ်လုပ်တင်ပို့သူကိုယ်တိုင် ပင်ရင်းထုတ်ကုန်ဖြစ်ကြောင်း ကြေညာသည့်စနစ် ( Self-Certification System ) အရ အောက်ပါသတ်မှတ်ချက်များနှင့်ကိုက်ညီသူများသည် အတည်ပြုပို့ကုန်တင်ပို့သူ (Certified Exporter) မှတ်ပုံတင်လက်မှတ် လျှောက်ထားနိုင်သည် -

(က) နောက်ကြောင်းကင်းရှင်း၍ ကောင်းမွန်သော မှတ်တမ်းရှိသူ ဖြစ်ခြင်း၊

(ခ) အာဆီယံအဖွဲ့ဝင်နိုင်ငံများအနက် Pilot Project I အဖွဲ့ဝင်နိုင်ငံများသို့ တင်ပို့သောကုန်စည်များအကောက်ခွန်သက်သာခွင့် ခံစားနိုင်ရေးအတွက် ပင်ရင်းနိုင်ငံ သက်သေခံလက်မှတ် (ATIGA Form-D) လျှောက်ထားအသုံးပြုသူ ဖြစ်ခြင်း၊

(ဂ) ပင်ရင်းနိုင်ငံစည်းမျဉ်း ( Rules of Origin - ROO ) ဘာသာရပ်ကို နားလည်တတ်ကျွမ်းသူဖြစ်ခြင်း၊

(ဃ) သတ်မှတ်ထားသော စည်းကမ်းချက်များကို လိုက်နာနိုင်သူ ဖြစ်ခြင်း၊

(င) ပင်ရင်းထုတ်ကုန်ဖြစ်ကြောင်းကြေညာချက်အတွက်အလုံးစုံတာဝန်ယူနိုင်သူဖြစ်ခြင်း။

၂။ အတည်ပြုပို့ကုန်တင်ပို့သူ မှတ်ပုံတင်လက်မှတ် လျှောက်ထားသူသည် ကုန်သွယ်ရေးဦးစီး ဌာနသို့ အောက်ပါစာရွက်စာတမ်းများပူးတွဲ တင်ပြ၍ လျှောက်ထားရမည် -

(က) အတည်ပြုပို့ကုန်တင်ပို့သူအဖြစ် မှတ်ပုံတင်ပေးပါရန် ကုမ္ပဏီ Letter Head ပါ လျှောက်လွှာ၊

(ခ) အတည်ပြုပို့ကုန်တင်ပို့သူ မှတ်ပုံတင်လျှောက်လွှာ၊ (**ပုံစံ -၁**)

(ဂ) ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနက ခွင့်ပြုထုတ်ပေးသော ကုမ္ပဏီ၏ အမည်၊ ကုမ္ပဏီ မှတ်ပုံတင်နံပါတ်နှင့် နေရပ်လိပ်စာပါရှိသော ကုမ္ပဏီမှတ်ပုံတင်လက်မှတ် မိတ္တူ၊

(ဃ) ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်လက်မှတ်မိတ္တူနှင့် ကုမ္ပဏီ၏ ဒါရိုက်တာအမည်စာရင်း (Form-XXVI) မိတ္တူ၊

(င) ကုန်ရောင်းပြေစာ (Invoice) ပေါ်တွင် လက်မှတ်ရေးထိုးကြေညာမည့် ကုမ္ပဏီ၏ ဒါရိုက်တာ အမည်စာရင်း (Form-XXVI) ပါပုဂ္ဂိုလ်သုံးဦး၏ လက်မှတ်နမူနာ များနှင့် အသုံးပြုမည့်တံဆိပ်တုံးနမူနာများ၊ (**ပုံစံ-၂**)

(စ) သတ်မှတ်သော စည်းကမ်းချက်များကို လိုက်နာမည် ဖြစ်ကြောင်းဝန်ခံချက်။ (**ပုံစံ-၃**)

## အခန်း(၂)

## အတည်ပြုပို့ကုန်တင်ပို့သူ မှတ်ပုံတင်လက်မှတ်ထုတ်ပေးခြင်း

၃။ ကုန်သွယ်ရေးဦးစီးဌာနသည် အပိုဒ် ၂ ပါ အချက်အလက်များဖြင့် ပြည့်စုံစွာလျှောက်ထား လာသောကုမ္ပဏီမှ လူပုဂ္ဂိုလ် (၃) ဦးအထိကို အတည်ပြုပို့ကုန်တင်ပို့သူများ (Certified Exporters) အဖြစ် မှတ်ပုံတင်ခွင့်ပြုမည်ဖြစ်ပြီး မှတ်ပုံတင်ကြေး ကင်းလွတ်ခွင့်ပြုမည်ဖြစ်သည်။

၄။ အတည်ပြုပို့ကုန်တင်ပို့သူ မှတ်ပုံတင်သက်တမ်းကာလမှာ မှတ်ပုံတင်ခွင့်ပြုသည့် နေ့မှစ၍ (၂) နှစ် သတ်မှတ်သည်။

၅။ အတည်ပြုပို့ကုန်တင်ပို့သူ မှတ်ပုံတင်သက်တမ်းကုန်ဆုံးပါက (၃) လကြိုတင်၍ အပိုဒ် ၂ ပါ စာရွက်စာတမ်းများကို ပြည့်စုံစွာ တင်ပြလျှောက်ထားကာ(၂)နှစ်သက်တမ်း ပြန်လည် လျှောက်ထား နိုင်သည်။

၆။ အတည်ပြုပို့ကုန်တင်ပို့သူ မှတ်ပုံတင်လက်မှတ် ပျောက်ဆုံး၊ ပျက်စီးပါက အပိုဒ် ၂ ပါ အချက်အလက်စာရွက်စာတမ်းများနှင့်အတူ မိတ္တူမှန် ပြန်လည်လျှောက်ထားရယူနိုင်သည်။

## အခန်း(၃)

## ပင်ရင်းထုတ်ကုန်ဖြစ်ကြောင်းကြေညာခြင်း

၇။ ကုမ္ပဏီတစ်ခုအနေဖြင့် ကုမ္ပဏီ၏ဒါရိုက်တာအမည်စာရင်း (Form-XXVI) ပါ ခွင့်ပြုချက်ရရှိပြီးသော ပုဂ္ဂိုလ်(၃)ဦးသာ ကုန်ရောင်းပြေစာ (Invoice) တွင် အတည်ပြုပို့ကုန်တင်ပို့သူ မှတ်ပုံတင်နံပါတ်ကို ဖော်ပြ၍ အကောက်ခွန်သက်သာခွင့်ခံစားနိုင်ရန် ရည်ရွယ်ချက်ဖြင့် ပင်ရင်းထုတ်ကုန်ဖြစ်ကြောင်း ကြေညာခွင့်ရှိသည်။

၈။ အတည်ပြုပို့ကုန်တင်ပို့သူသည်ကုန်ရောင်းပြေစာ(Invoice)တွင်ပင်ရင်းထုတ်ကုန် ဖြစ်ကြောင်းကြေညာသည့်စနစ်အပြင် သမရိုးကျစနစ်ဖြစ်သော ပင်ရင်းနိုင်ငံသက်သေခံလက်မှတ် (ATIGA Form-D) လျှောက်ထားခြင်းကိုလည်း ဆောင်ရွက်နိုင်သည်။

၉။ အတည်ပြုပို့ကုန်တင်ပို့သူသည် အကောက်ခွန်သက်သာခွင့် ခံစားနိုင်ရန် ရည်ရွယ်၍ ပင်ရင်းထုတ်ကုန်ဖြစ်ကြောင်း ကြေညာခြင်းနှင့်စပ်လျဉ်းသည့် သက်ဆိုင်ရာစာရွက်စာတမ်းအားလုံးကို သုံးနှစ်ထက်မနည်း လက်ဝယ်သိမ်းဆည်းထားရှိရမည်။

၁၀။ ကုန်ရောင်းပြေစာ (Invoice) တွင် လက်မှတ်ရေးထိုးကြေညာသည့် အချက်အလက်များနှင့် စာရင်းဇယားများကို ကုန်သွယ်ရေးဦးစီးဌာနက သတ်မှတ်ထားသော ပုံစံတွင် ဖြည့်စွက်၍ ကုန်ရောင်းပြေစာ (Invoice) မိတ္တူနှင့်အတူ ကုန်သွယ်ရေးဦးစီးဌာနနှင့် အကောက်ခွန်ဦးစီးဌာနသို့ လစဉ် ပထမအပတ်အတွင်း မပျက်မကွက် ပြုစုပေးပို့ရမည်။ **(ပုံစံ-၄)**

၁၁။ အတည်ပြုပို့ကုန်တင်ပို့သူက လက်မှတ်ရေးထိုးကြေညာထားသော ကုန်ရောင်းပြေစာပါ ဖော်ပြချက်များနှင့် စပ်လျဉ်း၍ မှန်ကန်မှုမရှိကြောင်း အကျိုးအကြောင်း ဆီလျော်သော သံသယရှိလျှင် သက်ဆိုင်ရာအာဏာပိုင်များက နောက်ကြောင်းပြန်စစ်ဆေးခွင့်ရှိသည်။ ကုမ္ပဏီသည် သက်ဆိုင်ရာ အာဏာပိုင်များက ကုမ္ပဏီများ၊စက်ရုံ၊အလုပ်ရုံများသို့ အခါအားလျော်စွာသွားရောက်လေ့လာ စစ်ဆေးမှုကို ပူးပေါင်းကူညီရမည်။

## အခန်း(၄)

## အထွေထွေ

၁၂။ အတည်ပြုပို့ကုန်တင်ပို့သူက သတ်မှတ်ထားသော စည်းကမ်းချက်များကို ဖောက်ဖျက်၍ ပေးအပ်ထားသော အခွင့်အာဏာကို အလွဲသုံးစားပြုလုပ်ကြောင်း တစ်နည်းနည်းဖြင့် တွေ့ရှိရလျှင် ဝန်ကြီးဌာနသည် အတည်ပြုပို့ကုန် တင်ပို့သူ မှတ်ပုံတင်လက်မှတ်ကို မည်သည့်အချိန်တွင်မဆို ရုပ်သိမ်းနိုင်သည်။

၁၃။ အကယ်၍ အတည်ပြုပို့ကုန်တင်ပို့သူက တင်ပို့သော ပို့ကုန်များသည် အစီအစဉ်အရ သတ်မှတ်ချက်များနှင့်ကိုက်ညီမှုမရှိတော့ခြင်း၊ ပို့ကုန်များ ဆက်လက်တင်ပို့မှု မရှိတော့ခြင်းစသည့် အခြေအနေ တစ်ရပ်ရပ်တွင် ခိုင်လုံသော အကြောင်းပြချက်ဖြင့် အတည်ပြုပို့ကုန်တင်ပို့သူ မှတ်ပုံတင်ခြင်းမှ ပယ်ဖျက်ပေးပါရန် လျှောက်ထားနိုင်သည်။

၁၄။ အတည်ပြုပို့ကုန်တင်ပို့သူမှတ်ပုံတင် လက်မှတ်ရရှိသူသည် မှတ်ပုံတင်လက်မှတ်ပါ စည်းကမ်းချက်များကို မလိုက်နာပါက ပို့ကုန်သွင်းကုန်ဥပဒေအရ အရေးယူခြင်းခံရမည်။

ပုံ

ဝင်းမြင့်

ပြည်ထောင်စုဝန်ကြီး

စာအမှတ် ၊ စက - ၁၁ / ၂ - ၂၀ / ၂၀၁၅ ( ၂ )

ရက်စွဲ ၊ ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၇ ရက်

**ဖြန့်ဝေခြင်း**

နိုင်ငံတော်သမ္မတရုံး

ပြည်ထောင်စုအစိုးရအဖွဲ့ရုံး

ပြည်ထောင်စုလွှတ်တော်ရုံး

ပြည်သူ့လွှတ်တော်ရုံး

အမျိုးသားလွှတ်တော်ရုံး

ပြည်ထောင်စုတရားလွှတ်တော်ချုပ်

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး

ပြည်ထောင်စုဝန်ကြီးဌာနများအားလုံး

ပြည်ထောင်စုရှေ့နေချုပ်ရုံး

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး

ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံး

နေပြည်တော်ကောင်စီရုံး

တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များအားလုံး

အတွင်းရေးမှူး၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

ညွှန်ကြားရေးမှူးချုပ်၊ ကုန်သွယ်ရေးဦးစီးဌာန

ညွှန်ကြားရေးမှူးချုပ်၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာန

ညွှန်ကြားရေးမှူးချုပ်၊ အကောက်ခွန်ဦးစီးဌာန

ဦးဆောင်ညွှန်ကြားရေးမှူး, ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း } မြန်မာနိုင်ငံပြန်တမ်းတွင် ထည့်သွင်းကြေညာပေးပါရန်

ဥက္ကဋ္ဌ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် ( ညီနောင်အသင်းများထံ ထပ်မံဖြန့်ဝေပေးပါရန် မေတ္တာရပ်ခံချက်ဖြင့် ပေးပို့ပါသည်။ )

အမိန့်အရ

တိုးအောင်မြင့်
အမြဲတမ်းအတွင်းဝန်

# THE REPUBLIC OF THE UNION OF MYANMAR
# MINISTRY OF COMMERCE
# DEPARTMENT OF TRADE

## CERTIFICATE FOR CERTIFIED EXPORTER UNDER ATIGA

1. **Name of Exporter Company's Name and Full Address**

| | |
|---|---|
| ---------------------------------------- | **Phone** ---------------------------- |
| ---------------------------------------- | **Fax** ---------------------------- |
| ---------------------------------------- | **e-mail** ---------------------------- |
| ---------------------------------------- | **Co., Registration No.** --------------- |
| ---------------------------------------- | **Exporter/ Importer** --------------- |
| | **Rregistration No.** |

2. **Are you exporting wholly obtained or not wholly obtained goods ?**

| **Wholly Obtained** | **Not Wholly Obtained** |
|---|---|
| ☐ | ☐ **Product Registration Card No.** |

3. **Please provide a detailed description of the goods to be exported under preference.**

| **Product Description** | **Full Commodity Code (HS 4 digits)** |
|---|---|
| | |

4. **If your exporting goods are not wholly obtained, are you the manufacturer of the goods?**

☐ Yes (if yes, please go to Box 6) ☐ No(if no, please go to Box 5)

5. **If you are not the manufacture, please supply details of current supplies and whether they manufacture the product you export.**

6. **Where required do you hold evidence of origin for any components you buy in or import? (Suppliers Declaration or proofs of origin held should be included with the application)**

☐ Yes ☐ No

7. **Describe how the goods to be exported meet the conditions of preferential origin.**

| | |
|---|---|
| 8. | **What is the country/ countries of destination of the exported goods?** |
| 9. | **Undertaking by Certified Exporter**<br>**The undersigned hereby declares that the above details are correct and:**<br>- **undertakes to make out statements on origin only for goods which qualify for preferential treatment and comply with the origin rules specified for those goods in the ASEAN Trade in Goods Agreement (ATIGA),**<br>- **undertakes to maintain appropriate commercial accounting records for production/ supply of goods qualifying for preferential treatment and to keep them for at least three years from the date of making out of the statement on origin,**<br>- **undertakes to accept any control on the accuracy of his statements on origin, including verification of accounting records and visits to his premises by the Ministry of Commerce or ASEAN Member States' authorities, as well as the authorities concerned,**<br>- **undertakes to inform Ministry of Commerce immediately of any changes in the particulars in this application form,**<br>- **being aware that the penalty for making false declaration, representation or furnish any false material information in respect of any invoice declaration under the ATIGA will be exercised according to any relevant law,**<br>- **being aware that his registration may be revoked by Ministry of Commerce if there is failure on his part to fulfill the requirements stipulate in this application form or other requirements stipulated by Ministry of Commerce,**<br>- **undertakes to request his removal from the record of registered exporters should he no longer meet the conditions exporting any goods under the scheme or no longer intend to export such goods.**<br><br>------------------------------------------------------------<br>**Place, Date and Signature of Authorized Signatory; Designation and/or Title** |
| | **For Official Use** |
| | **The applicant is registered under the following number:**<br>**The Authorization Code :** ----------------------------------------<br>**Date of Authorization:** ----------------------------------------<br>**Expiry Date of Authorization:** ----------------------------------------<br><br>**Place and Date, Signature and Stamp of Certifying Authority** |

ပုံစံ-၂

## Specimen Signature of Authorized Persons

| | | |
|---|---|---|
| **Name** | - | |
| **NRC No.** | - | |
| **Designation** | - | |
| **Specimen Signature** | - | |

ပုံစံ-၃

၂၀၁၆ ခုနှစ်၊ လ (  ) ရက်

## ဝန်ခံချက်

၁။ အာဆီယံကုန်စည်ကုန်သွယ်ရေး သဘောတူစာချုပ်အရ အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား အကောင်အထည်ဖော်ဆောင်လျက်ရှိသည့် ထုတ်လုပ်တင်ပို့သူကိုယ်တိုင် ပင်ရင်းထုတ်ကုန်ဖြစ်ကြောင်း ကြေညာသောစနစ် (Self-Certification System) ကို ကျင့်သုံးဆောင်ရွက်နိုင်ရေးအတွက် အတည်ပြုပို့ကုန်တင်ပို့သူအဖြစ် ပင်ရင်းထုတ်ကုန်ဖြစ်ကြောင်း ကြေညာရာတွင် ဝန်ကြီးဌာနက သတ်မှတ်ထားသော စည်းကမ်းချက်များကို လိုက်နာပါမည်ဟု ဝန်ခံကတိပြုပါသည်။

၂။ အတည်ပြုပို့ကုန်တင်ပို့သူအနေဖြင့် ပင်ရင်းထုတ်ကုန်ဖြစ်ကြောင်းကြေညာရာတွင် မမှန်မကန် အချက်အလက်များ ဖော်ပြကြေညာခြင်း၊ ပင်ရင်းထုတ်ကုန်လိမ်လည်ကြေညာခြင်းနှင့် အပ်နှင်းထားသော အခွင့်အာဏာကို အလွဲသုံးစားပြုလုပ်ကြောင်း တစ်နည်းနည်းဖြင့် တွေ့ရှိရလျှင် သက်ဆိုင်ရာ တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရမည်ကို သိရှိပါကြောင်း ဝန်ခံကတိပြုပါသည်။

လက်မှတ် -

အမည် -

ရာထူး -

ကုမ္ပဏီအမည် -

ပုံစံ (၄)

Data for Inovice Declaration (October, 2015)

| No. | Company | Name, CE Reg No., | Product Description | AHTN (8-digit) | Criteria | Destination | EL/ ED No. | Invoice No., | Port | Quantity | Value(USD) |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | | | | | | | | | |
| Grand Total | | | | | | | | | | | |